ဆိုပြုဝက်ဆန်းကြယ် စာပေမှာ ယနေ့ နံပါတ်(၁)



# မင်းမြှတ်သူရ

ဆားပုလင်းမင်းအောင် နှင့်

မြနန်းရှင်

## အပိုင်း ၁

တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးကြီးသည် စီအိုင်ဒီရုံး၌ အလုပ်မည်မည်ရရ မရှိသဖြင့် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇) အသောကလမ်း၊ ကျောက်မြောင်း နေအိမ်သို့ ထွက်ခဲ့လေ၏။ ကိုမင်းအောင်၏နေအိမ်သို့ ရောက်သောအခါ နေအိမ် ဧည့်ခန်းထဲတွင် ကျမ်းစာအုပ်ကြီး တစ်အုပ်ဖြင့် အလုပ်ရှုပ်နေသော ကိုမင်းအောင်ကို မြင်တွေ့ရလေ၏။ ကိုမင်းအောင်သည် ကျွန်ုပ်တို့အား "လာဗျို့"ဟု ဆိုကာ အိမ်ထဲသို့ ဖိတ်ခေါ်လိုက်ပြီး အိမ်အနီးရှိ ကာကာဆိုင်မှ ကာဖီနှင့် ပလာတာများကို မှာယူပေးလေ၏။

ကျွန်ုပ်က ကိုမင်းအောင် ဖတ်ရှုနေသော ကျမ်းစာအုပ်ကြီးကို ကြည့်ပြီး

"ဘာစာအုပ်ကြီးလဲ ကိုမင်းအောင်..."

ဟု မေးမြန်းလိုက်လေ၏။

ကိုမင်းအောင်က ကျမ်းစာအုပ်ကြီးကို ချပြီး

"မြန်မာလို ဆိုရင်တော့ ထာဝရဘုရားရဲ့ လုံတံလို့ အဓိပ္ပာယ် ရမယ်ထင်တယ်၊ ဒီကျမ်းစာအုပ်ထဲက လုံတံက နှယ်နှယ်ရရ မဟုတ်ဘူး၊ ခရစ်ယာန်ဘုရား သခင်ကို လုပ်ကြံ သတ်ဖြတ်လိုက်တဲ့ လုံတံဗျ ..."

ဟုဆိုလိုက်ရာ ကျွန်ုပ်က

"ယေရှုကို ကားစင်တင်ပြီး လက်တွေကို သံနဲ့ ရိုက်သတ်လိုက်တာ မဟုတ်ဘူးလား ..."

ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

"... ယေရှုကို ကားစင်တင်ပြီး အမြန်သေဆုံးအောင် ရောမစစ်သား တစ်ယောက်က ဒီ လှံတံနဲ့ နှလုံးကို ချိန်ရွယ်ပြီး ထိုးသတ်လိုက်တာဗျ၊ ဒီလှံတံဟာ ဂမ္ဘီရဆန်တဲ့ တန်ခိုးအစွမ်းတွေ ရှိတယ်လို့ ယုံကြည်ပြီး ရာစုနှစ်ပေါင်းများစွာ မတူညီတဲ့ အရပ်ဒေသတွေမှာ မတူညီတဲ့ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ အသုံးချခဲ့တယ်ဗျ၊ ဒီထာဝရဘုရားရဲ့ လှံတံကိုရရင် ကမ္ဘာကြီးကိုတောင် သိမ်းပိုက်နိုင်တယ်လို့ အယူရှိတယ်။ ဒါပေမဲ့ ဒီလှံတံဟာ တိမ်မြုပ် ပျောက်ကွယ်နေတဲ့အတွက် ရှေးဟောင်းပစ္စည်း မုဆိုးတွေကတော့ ထာဝရဘုရားရဲ့ လှံတံကို ရအောင် ကြိုးစားပမ်းစား ရှာဖွေနေကြတယ်၊ ဒီလှံတံ ဘယ်မှာရှိမလဲ ဆိုတာကတော့ ဘုရားမှတစ်ပါး ဘယ်သူမှ တိတိကျကျ သိမှာမဟုတ်ဘူး"

ဟုဆိုလိုက်ရာ ဦးပေါ်ဦးက

"တော်တော်လေး ရှာရှာဖွေဖွေ ဖတ်ရှုနိုင်ပါပေတယ် ကိုမင်းအောင်ရေ"

ဟု ချီးမွမ်းလိုက်ရာ ဆားပုလင်း မင်းအောင်က သက်ပြင်းချပြီး

"မတတ်နိုင်ဘူးဗျာ၊ ရှေးဟောင်းတွေနဲ့ ပတ်သက်ရင် အသွေးအသားထဲကကို ဝါသနာ ထုံနေတာ...."

ဟုပြောလေတော့၏။

ထိုအခိုက်မှပင် အင်းစိန်စီအိုင်ဒီမှ ပြာတာမောင်ရွှေသည် ကိုမင်းအောင်နေအိမ် အတွင်းသို့ ခပ်သွက်သွက် ဝင်ရောက်လာပြီးလျှင်

"ဆရာတို့ အရေးတော်ပုံပေါ်နေပြီဗျို့"

ဟုဆိုလိုက်ရာ ကျွန်ုပ်က စိတ်ပျက်လက်ပျက်ဖြင့်

"...ဘယ်မှာ လူသတ်မှု ဖြစ်ပြန်ပြီလဲကွာ"

ဟုမေးမြန်းလိုက်ရာ ပြာတာမောင်ရွှေက ဗဟန်း ကြားတောရလမ်းက ဘုရားလူကြီးအိမ်မှာတဲ့ သေတဲ့သူက ဘုရားလူကြီးဆိုတော့ မင်းကြီးက လန့်ဖျပ်ပြီး ဆရာ ကိုမင်းအောင်ကို အမြန်ဆုံး ရှာဖွေ ခိုင်းလိုက်တာပဲဗျ"

ဟု ဆိုလိုက်လေရာ စုံထောက်ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့ပြီး

"မင်းကြီးကလည်းဗျာ၊ စီအိုင်ဒီမှာ ကိုမင်းအောင် တစ်ယောက်တည်း စုံထောက်ရှိတာလား ၊ စုံထောက် ကိုစိန်မြင့်တို့ ကိုတင်လှတို့လို နိုင်ငံကျော် စုံထောက်ကျော်ကြီးတွေကို ဘယ်သွားထားမလဲ"

ဟုဆိုလိုက်၏။

ပြာတာမောင်ရွှေက မျက်နှာရှုံ့မဲ့ပြီး

"ဒီဆရာတွေက စီအိုင်ဒီမှာဘာမှ သုံးစားလို့မှ မရတာပဲ ဆရာတို့ရယ်"

ဟုဆိုလိုက်ရာ စုံထောက်ဦးပေါ်ဦးကြီးက

"ဟော့ကောင်... ပြာတာက ပြာတာလိုနေ၊ အရာရှိတွေကို မဝေဖန်နဲ့..."

ဟု ကြိမ်းမောင်း လိုက်လေရာ ပြာတာမောင်ရွှေက

"ဒါဆိုလည်း ကျုပ်တို့ ဗဟန်းကြားတောရလမ်းကို သွားကြမယ်"

ဟုဆိုကာ ဖို့ဒ်ကားစုတ်ကလေးပေါ် တက်ပြီး စက်နှိုးလိုက်လေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များ ကြားတောရလမ်းထဲသို့ ရောက်သောအခါ စီအိုင်ဒီ စုံထောက်များ၏ ကားနှစ်စီးသည် ခြံကြီးတစ်ခြံ၏ ရှေ့တွင် ရပ်ထားသဖြင့် လူသတ်မှုဖြစ်ပွားရာ အိမ်ကို အလွယ်တကူ သိနိုင်လေ၏။

ကျွန်ုပ်က အိမ်ကြီးကို စောင်းကြည့်ပြီး

"အိမ်ကို ကြည့်ရတာကတော့ ပိုက်ဆံတော်တော်ရှိ မဲ့ပုံပဲ"

ဟုဆိုလိုက်ရာ ဦးပေါ်ဦးကြီးက ရယ်မောပြီး

"ဘုရားလူကြီး မှန်ရင် ပိုက်ဆံမရှိတဲ့ ဘုရားလူကြီး ဘယ်သူရှိလဲ"

ဟုပြောလေ၏။ လူသတ်မှုဖြစ်ပွားရာ ခြံကြီးရှေ့တွင် ဗဟန်းဂိတ်မှ ပုလိပ်နှစ်ဦး စောင့်ကြပ်နေလေ၏။

ပုလိပ်တစ်ဦးက ကျွန်ုပ်တို့ကို မြင်သောအခါ "ကြွပါဆရာ" ဟု ဆိုကာ ခြံကြီးအတွင်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုမှတစ်ဖန် အိမ်ကြီးထဲသို့ ခေါ်ဆောင်သွားပြီး ကျွန်းလှေကားကြီးမှ တစ်ဆင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့လေ၏။

အိမ်ကြီး၏ အပေါ်ထပ်တွင် မည်သည့် ပရိဘောဂမှ မရှိဘဲ ရှင်းလင်းနေအောင် ထားရှိသဖြင့် ကျယ်ဝန်းလှ၏။

ဆားပုလင်းမင်းအောင်က အခန်းကျယ်ကြီးကို မျက်လုံးဝေ့ကြည့်ပြီး......

"ဘုရားလူကြီးအိမ် ဆိုတော့ အစည်းအဝေးတွေ ဘာတွေ အိမ်မှာ လုပ်လေ့ရှိတယ်၊ ဒါကြောင့် ဓမ္မာရုံလို အိမ်ကို ရှင်းရှင်းလင်းလင်း ထားတာပဲ"

ဟု မှတ်ချက်ချလေ၏။ အခန်းကျယ်ကြီး၏ အနောက်ပိုင်း သေသူ၏အလောင်း ရှိရာနေရာတွင် စီအိုင်ဒီ စုံထောက်များ ဝိုင်းအုံနေလေ၏။ စုံထောက်ကို စိန်မြင့်သည် ထုံးစံအတိုင်း ဟန်ရေးပြရန် ရည်ရွယ်ချက်ဖြင့် အခန်းအကျယ်အဝန်းကို ပေကြိုးဘူးကြီး ထုတ်တိုင်းနေလေ၏။

ထိုမြင်ကွင်းကိုကြည့်ပြီး စုံထောက် ဦးပေါ်ဦးကြီးသည် ကိုစိန်မြင့်၏ အနီးသို့ သွားပြီး ပခုံးပုတ်ကာ

"နေစမ်းပါဦး ကိုစိန်မြင့်ရယ် ဒီအခန်းရဲ့ အကျယ်က ပေ၃၀ ရှိတယ် ထားပါတော့၊ ဒီအမှုနဲ့ ဘယ်လို ပတ်သက်သလဲ အမြင်လေးကို ပြောပါဦး"

ဟုဆိုလိုက်ရာ ကိုစိန်မြင့်သည် မျက်စိမျက်နှာ ပျက်သွားပြီး

"ဟို...ဟို အခန်းက ကျယ်ကျယ်ဝန်းဝန်း ရှိတော့ သေသူနဲ့ တရားခံဟာ

လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်တာပေါ့ ...

ဟုဆိုလိုက်ရာ ဦးပေါ်ဦးကြီးက နားမလည်ဟန်ဖြင့် ...

"တိုက်ခိုက်လို့ပဲ သေတဲ့သူက သေနေပြီလေ ... လွတ်လပ်တာ မလွတ်လပ်တာ အရေးကြီးနေလို့လား ကိုယ့်ဆရာရေ... လူအထင်ကြီးအောင် မရောင်ရာ ဆီလူးနေတယ်လို့ ရှင်းရှင်း ပြောစမ်းပါဗျာ"

ဟု လှောင်ပြောင်လိုက်ရာ စုံထောက်ကိုစိန်မြင့်က ဦးပေါ်ဦးကို မကျေမချမ်းဖြင့်

"ဒီမှာ ဦးပေါ်ဦး တာဝန်ချိန်မှာ မနှောက်နဲ့ဗျာ၊ ဒါ ကျုပ်ရဲ့ အလုပ်ချိန်ဗျ၊ ခင်ဗျားကို မင်းကြီးနဲ့ တိုင်ပြောဦးမယ်"

ဟု ပြော လိုက်ရာ ဦးပေါ်ဦးကြီးက သဘောကျဟန်ဖြင့် ရယ်မောနေလေ၏။

စုံထောက် ကိုစိန်မြင့်တို့လူစုသည် ဆားပုလင်းမင်းအောင်ကို အသားလွတ် မနာလိုဝန်တိုစိတ် ထားသူများ ဖြစ်သဖြင့် ဦးပေါ်ဦးကြီးသည် အခွင့်အရေးရတိုင်း လှောင်ပြောင် သရော်လေ့ရှိ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်များ သေသူ၏အနီးသို့ ရောက်ရှိသွားသောအခါ ရင်ဝတွင် ဓားဒဏ်ရာကဲ့သို့သော ဒဏ်ရာ ဒဏ်ချက် တစ်ခုကို တွေ့ရှိရပြီး ဘုရားလူကြီးပီပီ ဥပတိရုပ်ကောင်းမွန်ကာ သန်မာတောင့်တင်းသော လူကြီးတစ်ဦး ဖြစ်နေလေ၏။

သေသူ၏ အနီးတွင် လုံ့ရှည်ကြီး နှစ်ချောင်းကို တွေ့ရပြီး သေသူဘုရားလူကြီးသည် ရန်သူနှင့် အကြီးအကျယ် တိုက်ခိုက်ခဲ့ကြောင်း အနီးပတ်ဝန်းကျင်ရှိ ခုတ်ရာ ထစ်ရာများက သက်သေခံနေရ၏။

ဗဟန်းဂါတ်ရှိ ဌာနအုပ် လူဝကြီးက လူသတ်မှုနှင့် ပတ်သက်ပြီး ကျွန်ုပ်

တို့ကို ရှင်းလင်းပြလေ၏။ ဌာနအုပ်ကြီးက ....

"သေသူက ဘုရားလူကြီး ဦးဘဂျမ်းလို့ ခေါ်တယ်၊ ဗဟန်း တစ်ဝိုက်မှာ တော့ ဦးဘဂျမ်းကို အလှူတန်းရက်ရောသူ သူတော်ကောင်းကြီး တစ် ယောက်လို့ သိကြပါတယ်။ ဦးဘဂျမ်းဟာ စီးပွားရေးလုပ်ငန်း ဘာတစ်ခုမှ မည်မည်ရရ မလုပ်ပေမဲ့ ကြွယ်ဝချမ်းသာသူပါ။ သူဟာ ဒီအိမ်ကြီးထဲမှာ တစ်ကိုယ်တည်း နေထိုင်သူဖြစ်ပြီး သေသူရဲ့အလောင်းကို ဒီနေ့မှာ အိမ် သန့်ရှင်းရေး လာလုပ်ပေးတဲ့ ဒေါ်တုတ်ဆိုတဲ့ မိန်းမကြီးက တွေ့တာပါ၊ ဦး ဘဂျမ်းရဲ့ ဇာတိရပ်မြေကို သဲသဲကွဲကွဲ မသိပေမဲ့ ဦးဘဂျမ်း ဒီအရပ်ကို ပြောင်းလာတာ နှစ် ၂၀ လောက်ရှိပါပြီ"

ဟုရှင်းလင်းပြလေ၏။ ကိုမင်းအောင်က သေသူ၏အနီးတွင် ဒူးထောက် ထိုင်ပြီး အတန်ကြာအောင် စစ်ဆေးနေလေပြီးနောက် အခန်းထောင့်တွင် ရှိ သော နှစ်ယောက်ထိုင် ဆိုဖာကို သေချာစွာ စစ်ဆေးရုံမက နမ်းရှုပ်ကြည့်နေ ကြောင်းလည်း တွေ့ရ၏။

ပြီးနောက် အခန်း၏ အနောက်ဘက် ကြောင်လိမ်လှေကားသို့ ဆင်းသော တံခါးမကြီး၏ ချက်ကို ဖွင့်ကြည့်လေ၏။

တံခါးချက်ကိုလည်း တစ်ချက် နမ်းရှုပ်ကြည့်ပြန်၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ဦးပေါ်ဦးကြီးက

"ကိုမင်းအောင်တော့ အနံ့ခံနေပြီဗျို့ ဘာအနံ့ရလို့လည်း မသိဘူး"

ဟုပြောလေ၏။

ကိုမင်းအောင်သည် အခန်းထောင့် အမှိုက်ပုံးအနီး ကျနေသော ကြော်ငြာ စာရွက်လေး တစ်ရွက်ကို ကောက်ယူလိုက်ကြောင်း တွေ့ရ၏။

ထို့နောက် အခန်းထဲသို့ဝင်ပြီး သေသူ၏ ဘုရားစာအုပ်များ ထားရှိရာ ဗီရို

ကြီးကိုလည်း ကြည့်ရှုနေပြန်၏။

ကိုမင်းအောင်သည် အိမ်၏ နောက်ရှိ တံခါးမကြီးကို ဖွင့်ပြီး ကြောင်လိမ်လှေကား အတိုင်း အောက်ဆင်းသွားပြန်၏။

ပြီးနောက် အိမ်ပေါ်ထပ်သို့ ပြန်တက်လာကာ သေသူကို စစ်ဆေးခြင်း ပြီးဆုံးသွားပြီ ဖြစ်ကြောင်း ပြောလေတော့၏။ ထိုသို့ ဆားပုလင်းမင်းအောင် စစ်ဆေးခြင်း ပြီးသွားသော်လည်း စုံထောက် ကိုတင်မြင့်၊ ကိုစိန်လှတို့ လူစုသည် ပေကြိုးဘူး၊ မှန်ဘီလူး ၊ ဓာဂနာစသည် တို့ဖြင့် လူအထင်ကြီးအောင် အမျိုးမျိုးအဖုံဖုံ လုပ်ပြနေလေ၏။

ဦးပေါ်ဦးကြီးက စုံထောက်ကိုတင်မြင့် ဓာဂနာတစ်ချောင်းဖြင့် အလုပ်ရှုပ်နေပုံကို ကြည့်ပြီးနောက်

"ကျုပ်တို့တော့ သွားပြီဗျို့။ ခင်ဗျား ဓာဂနာကြီးနဲ့ သေသူဘုရားလူကြီး ဆံပင်ဖြူတွေ ထိုင်နုတ်ပေတော့...."

ဟုဆိုကာ အိမ်အောက်သို့ ဆင်းခဲ့လေ၏။ ကျွန်ုပ်တို့လူစု ဖို့ဒ်ကားစုတ်ကလေး ပေါ်သို့ ပြန်ရောက်သောအခါ ကိုမင်းအောင်က

"မအူကုန်းကို မောင်းဗျို့ ချစ်တီးထမင်း စားရအောင်"

ဟုဆိုလေရာ ကျွန်ုပ်က

"ချစ်တီးထမင်း စားမယ်ဆိုရင် ကလျာဏီတို့ဆိုင်မှာ စားမယ်နော်၊ ဒီဆိုင်က ကုလားမလေး တွေကို ကြိုက်တယ်...."

ဟုဆိုလိုက်လေ၏။ စုံထောက် ဦးပေါ်ဦးကြီးကလည်း

"ချစ်တီး ထမင်းစားပြီးရင် မအူကုန်းထိပ်က မီသွန်းတို့ ဆိုင်မှာ မလိုင်သွားဝယ်စားရမယ်၊ မီသွန်းလေးနဲ့ ကျုပ်မတွေ့တာကြာပြီ"

ဟုပြောလေ၏။

* * *